www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုဏ္ဍလာဘိဝံသ
ဟောကြား ရေးသားစီရင်အပ်သော

# ထောက်ပံ့ခြင်း(၄)ဖြာ

# သိကောင်းစရာ တရားတော်

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀

www.dhammadownload.com

# ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

❖ ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊ ကျိုးရှိရာကျင့်၊
ကိုယ်နှင့်တူသား၊ ဤလေးပါး၊ ပြုပြားထောက်ပံ့မည်။

❖ ဝိနည်းဒါန၊ လေးမျိုးပြ၊ မိန့်ဟမြတ်ဗုဒ္ဓါ။
အဘိဓမ္မာဒါန၊ ခြောက်မျိုးပြ၊ မိန့်ဟမြတ်ဗုဒ္ဓါ။
သုတ္တန်ဒါန၊ ဆယ်မျိုးပြ၊ မိန့်ဟမြတ်ဗုဒ္ဓါ။

❖ လုံးစုံလှူတွင်၊ တရားလှူ၊ အမှန်ပင်အမြတ်ဆုံး၊
ဖြစ်ပေသည်။

❖ ပါဠိဘာသာ၊ သင်ပေးတာ၊ မှန်စွာဟောသည်မည်။
အနက်မြန်မာ၊ ဖွင့်ပြတာ၊ မှန်စွာဟောသည်မည်။
မေးခွန်းမေးလာ၊ ဖြေပေးတာ၊ မှန်စွာဟောသည်မည်။
ကမ္မဋ္ဌာန်းရှုရန်၊ ပြောကြားပြန်၊ မှန်စွာဟောသည်မည်။
တရားနာကြွပါ၊ ဖိတ်ကြားတာ၊ မှန်စွာဟောသည်မည်။

❖ အခါမှန်ကန်၊ သိမ်မွေ့ပြန်ရာ၊ ကျိုးမေတ္တာ၊
ငါးဖြာကောင်းစကား။

❖ ကြွေဟောင်းဆပ်ပေ၊ ကြွေးသစ်ဝေ၊ မြှုပ်လေမြတ်ရွှေအိုး။
အလောင်းတော်ကျေးမင်း၊ ထောက်ပံ့ခြင်း၊ မယွင်းတူစွာ၊ ပြုအပ်ပါ။

www.dhammadownload.com

ပဋ္ဌာန်းစည်းနာယက
အဂ္ဂမဟာပဏ္ဍိတ ဓမ္မာစရိယ
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုဏ္ဍလာဘိဝံသ
ဟောကြားရေးသားစီရင်အပ်သော

# ထောက်ပံ့ခြင်း(၄)ပြား သိကောင်းစရာ တရားတော်

သဒ္ဓမ္မရံသီရိပ်သာ
အမှတ်(၇)၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

၂၀၁၀-ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၂၀၀၀

တန်ဖိုး -

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍
ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်
အမှတ်-၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မှ ပုံနှိပ်သည်။
ဖုန်း - ၅၄၂၀၅၆

**ဖြန့်ချိရေး**

ဒု-ဗိုလ်မှူးကြီး တင်အောင်(လေ-ငြိမ်း) (၀၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။
ဖုန်း - ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

# ထောက်ပံ့ခြင်း(၄)ဖြာ သိကောင်းစရာ တရားတော်

ဒီနေ့ ၁၃၆၅-ခုနှစ်၊ ကဆုန်လပြည့်ကျော်၈-ရက်၊ ၈-ရက်နေ့ နံနက်ပိုင်းမှာ ဟောကြားရမည့် တရားတော်က မြတ်စွာဘုရား အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားတော်မူတဲ့ သင်္ဂဟသုတ္တ၊ သင်္ဂဟသုတ္တန်ကို ဟောကြားပေးပါမယ်။

သင်္ဂဟသုတ္တန်၌ - သင်္ဂဟကတစ်ပုဒ်၊
သုတ္တကတစ်ပုဒ်၊
သင်္ဂဟက - ချီးမြှောက်ထောက်ပံ့ခြင်းကို
သုတ္တက - ပြတာ။

www.dhammadownload.com



ချီးမြှောက်ထောက်ပံ့ခြင်းများကိုပြတဲ့ သုတ္တန်ဒေသနာကို သင်္ဂဟသုတ္တန်ဒေသနာလို့ ဆိုရပါတယ်။

အခု တရားနာပရိသတ်များ တစ်ဦးကိုတစ်ဦး ထောက်ပံ့ချီးမြှောက်ပြီးတော့ နေကြရတယ်။ မြတ်စွာဘုရား တရားဒေသနာတော်အရ တစ်အိမ်ထဲမှာ၊ တစ်ကျောင်းထဲမှာ၊ တစ်ရိပ်သာထဲမှာ၊ တစ်မြို့တစ်ရွာထဲမှာ နေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေ တစ်ဦးကိုတစ်ဦး ချီးမြှောက်ထောက်ပံ့ပြီးတော့ နေထိုင်ကြရမယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တန်ဒေသနာတော်ဖြစ်တယ်။

"စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ" အစရှိသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အို-ချစ်သား ချစ်သမီးတို့၊ သင်္ဂဟဝတ္ထူနိ = ချီးမြှောက်ထောက်ပံ့ကြောင်းတို့သည်၊ ဣမာနိစတ္တာရိ = ဤ(၄)ပါးတို့ပင်တည်း။ ကတမာနိ စတ္တာရိ = အဘယ်(၄)ပါးတို့နည်းဟူမူကား၊ ဒါနံ =

www.dhammadownload.com



ပေးကမ်းလှူဒါန်းခြင်းလည်းကောင်း။ ပေယျဝဇ္ဇံ = ချစ်ခင်ဖွယ်သောစကားဖြင့် ချိုသာစွာ ပြောခြင်းလည်းကောင်း၊ အတ္ထစရိယာ = အကျိုးစီးပွားကို ကျင့်ခြင်းလည်းကောင်း၊ သမာနတ္တတာ = ကိုယ်နှင့်အတူတကွထားခြင်းလည်းကောင်း၊ ဣမာနိစတ္တာရိ = ဤ(၄)ပါးတို့ပင်တည်း။

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ သိမြင်ကြတဲ့ အိုး-ချစ်သား ချစ်သမီးတို့၊ သင်္ဂဟဝတ္ထူနိ = ချီးမြှောက်ထောက်ပံ့ကြောင်း တရားတို့သည်၊ ခေါ = စင်စစ်၊ ဣမာနိစတ္တာရိ = ဤ(၄)ပါးတို့ပင်တည်း။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

တစ်အိမ်ထဲမှာ၊ တစ်ကျောင်းထဲမှာ၊ တစ်ရိပ်သာထဲမှာ၊ တစ်မြို့တစ်ရွာထဲမှာ နေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေ ချီးမြှောက်ထောက်ပံ့ခြင်းတရား(၄)ပါးဖြင့် နေထိုင်ကြ

www.dhammadownload.com



ရမယ်။ ဒီးမြောက်ထောက်ပံ့ခြင်းတရား(၄)ပါးနဲ့ နေထိုင်ကြ လို့ရှိရင် ချမ်းသာပါလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်၊ ဒီးမြောက် ထောက်ပံ့ခြင်းတရား(၄)ပါးကို မြတ်စွာဘုရား ဥပမာနဲ့ ပြပြီးတော့ ဟောကြားတော်မူပါတယ်။

ဒီတရား(၄)ပါးဟာ လှည်းနားစောင့်နဲ့တူတယ်တဲ့။ လှည်းနားစောင့်ပါသည့်လှည်းနဲ့ ခရီးသွားကြရတဲ့ ပုဂ္ဂိုလ် တွေ မိမိတို့အလိုရှိရာအရပ်သို့ ချမ်းသာစွာရောက်သွား နိုင်ပေတယ်။ မြတ်စွာဘုရားလက်ထက်တော်အခါက တော့ မော်တော်ကားတို့၊ မီးရထားတို့ မရှိသေးတော့ ဘာနဲ့ခရီးသွားရပါလဲ ... လှည်းနဲ့ခရီးသွားရပါတယ်ဘုရား။ အဲဒီလှည်းနဲ့ခရီးသွားတဲ့အခါမှာ လှည်းနားစောင့်ပါတဲ့ လှည်းနဲ့သွားတဲ့ပုဂ္ဂိုလ်တွေ မိမိတို့အလိုရှိရာအရပ်သို့ ချမ်းသာစွာ ရောက်သွားကြပေတယ်။

ဒီလိုမဟုတ်ဘူး၊ လှည်းနားစောင့်မပါတဲ့လှည်းဖြင့် ခရီးသွားတဲ့ပုဂ္ဂိုလ်တွေ လမ်းခုလတ်မှာ လှည်းဘီးကြီး ကျွတ်ထွက်ပြီးတော့ ဒုက္ခအမျိုးမျိုးတွေ တွေ့ကြရတယ်။

www.dhammadownload.com



အဲဒီလိုပါပဲတဲ့။ ဒီချီးမြှောက်ထောက်ပံ့ခြင်းတရား (၄)ပါး မရှိလို့ရှိရင်တော့ ဘဝသံသရာတွင် သံသရာ ခရီးသွားတွေ ဒုက္ခရောက်ကြလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

၁-နံပါတ်က ဒါန = ပေးလှူခြင်းဖြင့် ချီးမြှောက် ထောက်ပံ့ရမယ်။

၂-နံပါတ်က ပေယျဝဇ္ဇ = ချစ်ခင်ချိုသာစွာ ပြော ဆိုခြင်းဖြင့် ချီးမြှောက်ထောက်ပံ့ရမယ်။

၃-နံပါတ်က အတ္ထစရိယ = အကျိုးကိုကျင့်ပေး ခြင်းဖြင့် ချီးမြှောက်ထောက်ပံ့ရမယ်။

၄-နံပါတ်က သမာနတ္တတာ = မိမိနှင့်အတူထား ခြင်းဖြင့်၊ ချမ်းသာအတူ ဆင်းရဲအတူထားခြင်းဖြင့် ချီး မြှောက်ရမယ်လို့ ချီးမြှောက်ထောက်ပံ့ခြင်းတရား ဘယ် နပါးပါလဲ ... (၄)ပါးပါဘုရား။ (၄)ပါးဖြစ်တယ်။ တရားနာပရိသတ်များအတွက် သိပ်အကျိုးများပါတယ်။

www.dhammadownload.com



ဒီချီးမြှောက်ထောက်ပံ့ခြင်းတရား(၄)ပါးနဲ့ အတူတကွ နေထိုင်ကြမယ်ဆိုလို့ရှိရင် ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးတရားတွေ တိုးပွားအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မယ်။ နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် အထောက်အပံ့ကောင်းတွေ ဖြစ်သွားပါလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ မြတ်စွာဘုရားဟောကြားတာ တရားနာပရိသတ်များအတွက် အကျိုးများပါရဲ့လား ... အကျိုးများပါတယ်ဘုရား။ အကျိုးများပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။။ ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား၊
ဤလေးပါး၊ ပြုငြားချီးမြှောက်မည်။

ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား၊
ဤလေးပါး၊ ပြုငြားထောက်ပံ့မည်။

www.dhammadownload.com



မိမိတို့နဲ့ အတူတကွနေထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေကို ပေးလှူခြင်းဒါန ရှိကြရမယ်။ နည်းများမဟူ ပေးလှူ တတ်တာ တစ်ဦးနဲ့တစ်ဦး ထောက်ပံ့ခြင်းတစ်မျိုးဖြစ် တယ်။ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ... ချမ်းသာကြောင်းပါဘုရား။ ချမ်းသာကြောင်းဖြစ်တယ်။

တစ်ဦးကိုတစ်ဦးက ထောက်ပံ့လိုက်တော့ အထောက်အပံ့ယူရတဲ့ ပုဂ္ဂိုလ်တွေကလည်း သြော် - ငါတို့ကို ချမ်းသာစေချင်လို့ ထောက်ပံ့တာပဲ။ ထောက်ပံ့ တဲ့ ပုဂ္ဂိုလ်တွေကလည်း မေတ္တာ ကရုဏာရှေ့ထားပြီး တော့ ထောက်ပံ့လိုက်တယ်။ ယူတဲ့ပုဂ္ဂိုလ်တွေက လည်း အို - တို့ကို မေတ္တာ ကရုဏာရှိလို့ ထောက်ပံ့ တာပဲ၊ သူလည်းချမ်းသာပါစေဆိုတဲ့ မေတ္တာဓာတ်တွေ အတုံ့အပြန် မဖြစ်လာပါဘူးလား ... ဖြစ်လာပါတယ် ဘုရား။ ဖြစ်လာလို့ရှိရင် ချမ်းသာကြောင်းလား၊ ဆင်းရဲ ကြောင်းလား ... ချမ်းသာကြောင်းပါဘုရား။ အို - သိပ်ထင်ရှားတာပဲ။

www.dhammadownload.com



ဒီလိုမဟုတ်ဘူး။ ပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ်တွေ ရှိနေတယ်၊ ကိုယ့်မှာတော့ ပစ္စည်းပစ္စယတွေ ပိုပိုလျှံလျှံ ရှိနေတယ်၊ မပေးဘူး။ မစ္ဆရိယ = ဝန်တိုနေတယ်။ မပေးမကမ်း၊ ပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို မပေးလို့ရှိရင် ကောင်းမှုကောင်းပါ့မလား ... မကောင်းပါဘုရား။ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ... ဆင်းရဲကြောင်းပါဘုရား။ အို - ဆင်းရဲကြောင်းဖြစ်တယ်။

တရားနာပရိသတ်များရဲ့ ဉာဏ်မှာတော့ ထင်ရှားနေတာပဲ။ အဲဒီပစ္စည်းတွေ ထောက်ပံ့ခြင်းဆိုတာ ဝိနည်းဒေသနာတော်အရတော့ ပစ္စည်း(၄)ပါးဖြင့် ထောက်ပံ့တာ ဖြစ်တယ်။ အဘိဓမ္မာဒေသနာတော်အရတော့ အာရုံ(၆)မျိုးဖြင့် ထောက်ပံ့တာဖြစ်တယ်။ သုတ္တန်ဒေသနာတော်နည်းအရတော့ လှူဖွယ်ပစ္စည်း (၁၀)မျိုးဖြင့် ထောက်ပံ့လှူဒါန်းတာဖြစ်တယ်။

ဤကဲ့သို့ သုတ္တန်နည်းအရတော့ (၁၀)မျိုး။ ဝိနည်းဒေသနာတော်နည်းအရတော့ (၄)မျိုး၊ အဘိဓမ္မာ

www.dhammadownload.com



ဒေသနာတော်နည်းအရတော့ (၆)မျိုး၊ အဲဒါလေးလည်း မှတ်သားဖွယ်ကောင်းလို့ ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ ဝိနည်းဒါန၊ လေးမျိုးပြ၊ မိန့်ဟမြတ်ဗုဒ္ဓါ။**

အဝတ်အထည်သင်္ကန်း၊ ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရ၊ ကျောင်းအိပ်ရာနေရာ၊ ဆေးပစ္စည်းလို့ ဝိနည်း ဒေသနာတော်အရ အလှူဒါန ဘယ်နှမျိုးပါလဲ ... (၄)မျိုးပါဘုရား။ ရဟန်းတော်တွေအတွက်တော့ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း(၄)ပါး။ လူတွေအတွက်တော့ အဝတ်အထည် စားဖွယ်သောက်ဖွယ် အိပ်ရာနေရာ ဆေးဝါးပစ္စည်း၊ ဘယ်နှမျိုးပါလဲ ... (၄)မျိုးပါဘုရား။ ဒီ(၄)မျိုးဖြင့် ထောက်ပံ့ပေးလို့ရှိရင်၊ ချီးမြှောက်ပေးလို့ ရှိရင် ချမ်းသာကြောင်းပဲ။ မြတ်စွာဘုရားတရားဒေသနာ တော်အရ အခု တရားနာပရိသတ်များ စွမ်းနိုင်သမျှ ထောက်ပံ့ပြီးတော့ နေကြရတာပါပဲ။

www.dhammadownload.com



**ဆောင်ပုဒ်။ ။ အဘိဓမ္မာဒါန၊ ခြောက်မျိုးပြ၊**
**မိန့်ဟမြတ်ဗုဒ္ဓါ။**

အဆင်း=ရူပါရုံအလှူ၊ အသံ=သဒ္ဒါရုံအလှူ၊ အနံ့=ဂန္ဓာရုံအလှူ၊ ရသာ=ရသာရုံအလှူ၊ အတွေ့=ဖောဋ္ဌဗ္ဗာရုံအလှူ၊ သဘော=ဓမ္မာရုံအလှူလို့ အဘိဓမ္မာဒေသနာတော်အရ အလှူဒါန ဘယ်နှမျိုးပါလဲ ... ၆-မျိုးပါဘုရား။ ၆-မျိုးဖြစ်တယ်။ သုတ္တန်ဒါန ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ သုတ္တန်ဒါန၊ ဆယ်မျိုးပြ၊**
**မိန့်ဟမြတ်ဗုဒ္ဓါ။**

အန္န=ဆွမ်းအလှူ၊ ပါန=အဖျော်အလှူ၊ ယာန=ကျောင်းအလှူ၊ အိမ်အလှူ၊ ဝတ္ထ=အဝတ်အထည်အလှူ၊ ယာန=ယာဉ်အလှူ၊ မာလာ=ပန်းအလှူ၊ ဝိလေပန=နံ့သာပျောင်းအလှူ၊ ဂန္ဓ=အနံ့အလှူ၊ သေယျ=အိပ်ရာအိပ်ခင်းအလှူ၊ ပဒီပ=ဆီမီးအလှူလို့ သုတ္တန်ဒေသနာတော်အရ အလှူဒါန ဘယ်နှမျိုးပါလဲ ... ၁၀-မျိုးပါဘုရား။ ၁၀-မျိုး

www.dhammadownload.com



ဖြစ်တယ်။ ဤကဲ့သို့ အတူတကွ နေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေကို မိမိစွမ်းနိုင်သမျှ တစ်မျိုးမျိုးဖြင့် ထောက်ပံ့တာထောက်ပံ့ခြင်း၊ ချီးမြှောက်ခြင်းတရား တစ်ပါးပါပဲ။ ချမ်းသာကြောင်းလို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

အဲဒါတွေထဲက ဓမ္မဒါနဖြင့် ထောက်ပံ့တာတော့ အမြတ်ဆုံး ထောက်ပံ့ခြင်းပဲလို့ သင်္ဂဟဗလသုတ္တန်ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားပါတယ်။ တရားဟောခြင်း ဓမ္မဒါနဖြင့် ထောက်ပံ့တာတော့ အမြတ်ဆုံး ထောက်ပံ့ခြင်းပဲ။ အခု တရားနာပရိသတ်များလည်း ဓမ္မဒါနကို ကိုယ်စွမ်းနိုင်သမျှ တရားလေးတော့ မဟောရပါဘူးလား ... ဟောရပါတယ်ဘုရား။ အမြတ်ဆုံး အလှူဒါနပဲ။ ဝိနည်းဒေသနာတော်နည်းအားဖြင့် အလှူဒါန ၄-မျိုး၊ အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် အလှူဒါန ၆-မျိုး၊ သုတ္တန်ဒေသနာတော်နည်းအားဖြင့် အလှူဒါန ... ၁၀-မျိုးပါဘုရား။ ၁၀-မျိုးဖြစ်တယ်။ အဲဒီ ၃-မျိုးထဲက ဓမ္မဒါန = တရားဟောသောအားဖြင့် ဓမ္မဒါနပြုတာကတော့ အမြတ်ဆုံး အလှူဒါန

www.dhammadownload.com



ပဲလို့ မြတ်စွာဘုရား ဟောကြားပါတယ်။ ဆောင်ပုဒ်ဆို ကြရမယ်။

**ဆောင်ပုဒ်။ ။ လုံးစုံလှူတွင်၊ တရားလျှင်၊ အမှန်ပင်အမြတ်ဆုံးဖြစ်ပေသည်။**

တရားနာပရိသတ်များလည်း အိမ်တွင်းတရား လေးတော့ မဟောတတ်ပါဘူးလား ... ဟောတတ်ပါ တယ်ဘုရား။ ပါဠိ ဝါစေတိ။ ပါဠိမဆိုတတ်သေးတဲ့ ကလေးသူငယ်များကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ပါဠိသင်ပေးတာလည်း ... တရားဟောခြင်းပါဘုရား။ တရားဟောခြင်းတစ်မျိုး ဖြစ်ပေတယ်။

**ဆောင်ပုဒ်။ ။ ပါဠိဘာသာ၊ သင်ပေးတာ၊ မှန်စွာဟောသည်မည်။**

www.dhammadownload.com



အဋ္ဌကထံ ကထေတိ။ အဲဒီပါဠိဘာသာလေးကို ကလေးသူငယ်များက မသိသေးတဲ့အတွက်ကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုတာ ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိဆိုတာ တရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃံ သရဏံ ဂစ္ဆာမိဆိုတာ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ အနက်ကလေး ဖွင့်ပြတာလည်း တရားဟောခြင်းတစ်မျိုးပါပဲတဲ့။ ကလေးသူငယ်များကို မဖွင့်ပြပေးရပါဘူးလား ... ဖွင့်ပြပေးရပါတယ်ဘုရား။ ဒီလောက်တော့ တရားနာပရိသတ်များ ဟောတတ်ပါရဲ့လား ... ဟောတတ်ပါတယ်ဘုရား။ ဟောတတ်ပေတယ်။

## ဆောင်ပုဒ်။ ။ အနက်မြန်မာ၊ ဖွင့်ပြတာ၊ မှန်စွာဟောသည်မည်။

ကလေးသူငယ်များက ပြန်မေးတယ်။ ဘုရားကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာအကျိုးရနိုင်ပါသလဲ၊ တရားကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာအကျိုးရနိုင်

www.dhammadownload.com



ပါသလဲ၊ သံဃာကို ကိုးကွယ်ဆည်းကပ်သဖြင့် ဘာ အကျိုးရနိုင်ပါသလဲလို့ ပြန်မေးတဲ့အခါ မဖြေရပါဘူးလား ... ဖြေရပါတယ်ဘုရား။ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်လို့ရှိရင် သင်အပါယ်ငရဲ မကျနိုင်ဘူး ဟု မဖြေပေးရပါဘူးလား ... ဖြေပေးရပါတယ်ဘုရား။ မေးခွန်းလေး မေးလာတာကို ဖြေပေးတာလည်း တရား ဟောခြင်း တစ်မျိုးပါပဲ။

## ခေါင်းစဉ်ပုဒ်။ ။ မေးခွန်းမေးလာ၊ ဖြေပေးတာ၊ မုန်စွာဟောသည်မည်။

မေးခွန်းလေးမေးလာလို့ ဖြေပေးတာလည်း တရား ဟောခြင်းတစ်မျိုးပါပဲတဲ့။ ကမ္မဋ္ဌာန် အာစိက္ခတိ။ ကမ္မ ဋ္ဌာန်းတရားလေး ပြောပြပေးတာလည်း ဒါလည်း တရား ဟောခြင်းတစ်မျိုးပါပဲ။ ယောဂီသစ်လေးများ၊ ကလေး သူငယ်များ၊ တရားမရှုမှတ်တတ်သေးတဲ့ ပုဂ္ဂိုလ်များကို တရားနာပရိသတ်များ၊ ယောဂီများက မကြာခဏ တရားရှုမှတ်ပုံလေး မပြောပြပေးရပါဘူးလား ... ပြောပြ

www.dhammadownload.com



ပေးရပါတယ်ဘုရား။ ဘာလုပ်တာပါလဲ ... တရားဟော တာပါဘုရား။ တရားဟောတာဖြစ်တယ်။

**ဆောင်ပုဒ်။ ။ ကမ္မဋ္ဌာန်းရှုရန်၊ ပြောကြားပြန်၊ အမှန်ဟောသည်မည်။**

ဒါလည်း တရားဟောခြင်းတစ်မျိုးပါပဲတဲ့။ ဓမ္မသာကစ္ဆာ ကရောတိ။ ဓမ္မသာကစ္ဆာ=တရားနာခြင်းကို၊ ကရောတိ=ပြု၏။ "တရားနာကြွကြပါ၊ သဒ္ဓမ္မရံသီရိပ်သာမှာ တရားပွဲရှိပါတယ်" စသည်ဖြင့် ဒီလိုဖိတ်ခေါ်တာလည်း ဘာလုပ်တာပါလဲ ... တရားဟောတာပါဘုရား။ တရားဟောခြင်း တစ်မျိုးပဲတဲ့။ ဒီတော့ တရားနာပရိသတ်များ တရားမဟောတတ်ပါဘူးလား ... တရားဟောတတ်ပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ တရားနာကြွပါ၊ ဖိတ်ကြားတာ၊ မှန်စွာဟောသည်မည်။**

www.dhammadownload.com



တရားအလှူ၊ တရားဟောတယ်ဆိုတာ ယော = အကြင်သူသည်၊ ဓမ္မံ = တရားကို၊ အနုသာသတိ = ဟောဖော်ညွှန်ပြ ဆိုဆုံးမ၏။ သော = ထိုတရားဟော သောပုဂ္ဂိုလ်သည်၊ အမတံ ဒဒေါ = အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်သည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရေှ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါ ပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အကြင်ပုဂ္ဂိုလ်သည် သူတစ်ပါးတို့အား တရား ဟော၏၊ ထိုပုဂ္ဂိုလ်သည် အမတံ ဒဒေါ = အမြိုက် နိဗ္ဗာန်ကို ပေးလှူရာရောက်၏။ နိဗ္ဗာန်ကို ပေးလှူရာ ရောက်တယ်ဆိုတော့ အမြတ်ဆုံးဒါနဆိုတာ မထင်ရှား ပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ တရားဟောတာ အမြတ်ဆုံး အလှူဒါနဖြစ်တယ်။ ဘာဖြစ်လို့လဲ၊ နိဗ္ဗာန် ကို လှူရာရောက်တဲ့အတွက်ကြောင့်ပဲ။ ဒါန = ပေးလှူ

www.dhammadownload.com



ခြင်းဖြင့် ထောက်ပံ့ချီးမြှင့်ခြင်းကိုဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ယခု ပေယျဝဇ္ဇ = ချစ်ခင်ချိုသာစွာ ပြောဆိုခြင်း ဖြင့် ထောက်ပံ့ချီးမြှင့်ခြင်းကို ဟောကြားပါတော့မယ်။ အတူတကွ နေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေကို ပြောဆိုခွင့် ရောက်လာတဲ့အခါ ချိုချိုသာသာ ကြင်ကြင်နာနာနဲ့ မေတ္တာရှေ့ထားပြီးတော့ ပြောဆိုပေးတာ တစ်ဦးကိုတစ်ဦး ချီးမြှောက်ရာရောက်တယ်၊ ချီးမြှောက်ခြင်းတရား တစ်ပါး ပဲလို့ မြတ်စွာဘုရား ဟောကြားတာ တရားနာပရိသတ် များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။

ပြောင်းပြန်အားဖြင့် ဆင်ခြင်ကြည့်မှ ပိုပြီးတော့ ထင်ရှားတယ်။ ပြောခွင့်ဆိုခွင့် ကြုံလာတဲ့အခါ ကြမ်း ကြမ်းတမ်းတမ်း ခက်ခက်မာမာ ငေါက်ငမ်းပြီးတော့ ပြောဆိုလို့ရှိရင် ချမ်းသာမလား၊ ဆင်းရဲမလား ... ဆင်းရဲ ပါမယ်ဘုရား။ ထောက်ပံ့ရာရောက်မလား ... မရောက် ပါဘုရား။ မရောက်တော့ဘူး။ သိပ်ထင်ရှားတာပဲ။ အဲဒီလို

www.dhammadownload.com



မဟုတ်၊ ချိုချိုသာသာပြောတာ ထောက်ပံ့ချီးမြှင့်ခြင်း တရားတစ်ပါးပါပဲ။ အခု တရားနာပရိသတ်များ လိုက်နာကျင့်ကြံနေကြတာပဲဖြစ်တယ်။ ရိပ်သာမှာတော့ ပိုမကျင့်ကြံရပါဘူးလား ... ပိုကျင့်ကြံရပါတယ်ဘုရား။

ယောဂီသစ်ကလေးများ ရောက်လာတော့ အသစ်ကလေးဆိုတော့ သိပ်တော့အချိုးမကျဘူး၊ ယောဂီဟောင်းကြီးများက အဆောင်မှူးကြီးများက ချိုချိုသာသာ ကြင်ကြင်နာနာနဲ့ မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ ဘာလုပ်ပေးတာပါလဲ ... ထောက်ပံ့ပေးတာပါဘုရား။ ထောက်ပံ့ပေးတာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ... ချမ်းသာကြောင်းပါဘုရား။ အို - သိပ်ထင်ရှားနေပါလား။ ဒီလိုမဟုတ်ဘူး၊ ယောဂီသစ်ကလေးက အချိုးမကျတော့ ယောဂီဟောင်းကြီးများက အဆောင်မှူးကြီးများက ငေါက်လိုက်အော်လိုက် ဆူလိုက်ရှိရင်တော့ နေရာမကျပါတော့မလား ... နေရာမကျတော့ပါဘုရား။ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ... ဆင်းရဲကြောင်းပါဘုရား။ ဆင်းရဲကြောင်းပဲဖြစ်တယ်။

www.dhammadownload.com



အဲဒီမှာတော့ မြတ်စွာဘုရားက စကားကောင်း အင်္ဂါ(၅)ပါးနဲ့ ပြောဆိုလို့ရှိရင် ပိုပြီးတော့ ချမ်းသာကြောင်း ဖြစ်တယ်ဆိုတဲ့အဓိပ္ပါယ်ကို ဝါစာသုတ္တန်၌ ဟောကြား တော်မူခဲ့ပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ အခါမှန်ကန်၊ သိမ်မွေ့ပြန်ရာ၊ ကျိုးမေတ္တာ၊ ငါးဖြာကောင်းစကား။**

ပြောသင့်ပြောထိုက်တဲ့အခါ အချိန်အခါကို စောင့် ပြီးတော့ပြောတယ်။ ဒါလည်း စကားကောင်းအင်္ဂါ တစ် ပါးပါပဲ။

မှန်ကန်တဲ့စကားတွေကိုသာပြောတယ်။ ဒါလည်း စကားကောင်းအင်္ဂါ တစ်ပါးပါပဲ။

ပြောတဲ့အခါမှာလည်း သိမ်သိမ်မွေ့မွေ့ မြို့ကြီး ပြည်ကြီးသူများ၊ မြို့ကြီးပြည်ကြီးသားများ ပြောသလို အစ်ကိုကြီးရယ် အစ်မကြီးရယ် ညီလေးရယ် ညီမလေး

www.dhammadownload.com



ရယ်လို့ သိမ်သိမ်မွေ့မွေ့နဲ့ ပြောတာလည်း စကားကောင်း အင်္ဂါ တစ်ပါးပါပဲ။

ဒီဘဝ နောင်ဘဝအတွက် အကျိုးရှိတဲ့စကားတွေ ပြောပေးတာလည်း ဒါလည်း စကားကောင်းအင်္ဂါ တစ်ပါးပါပဲ။

ပြောတဲ့အခါမှာလည်း မေတ္တာစိတ်ဖြင့် ပြောတာဟာလည်း စကားကောင်းအင်္ဂါ တစ်ပါးပါပဲ။ ဒီအင်္ဂါ (၅)ပါးနဲ့ ပြည့်စုံ၍ ချိုသာစွာပြောလို့ရှိရင် ချမ်းသာကြောင်း ဖြစ်တယ်။ မိမိလည်းချမ်းသာ၊ ကြားရတဲ့ ပုဂ္ဂိုလ်တွေလည်း ... ချမ်းသာပါတယ်ဘုရား။ ချမ်းသာပါတယ်။

အဲဒီ ပေယျဝဇ္ဇ=ချမ်းသာစွာပြောတဲ့ စကားတွေထဲမှာလည်း နားထောင်တဲ့ပုဂ္ဂိုလ်၏ သူနှစ်သက်တဲ့ တရားဓမ္မကို ချိုသာစွာပြောပေးခြင်းဟာ အမြတ်ဆုံးပါပဲ။

သူနှစ်သက်တဲ့ သူသဘောကျတဲ့ ဒါနတရား၊ သီလတရား၊ သမထတရား၊ ဝိပဿနာတရားတို့တွင်

www.dhammadownload.com



ထိုပုဂ္ဂိုလ်ဟာ ဘယ်တရားကို ပိုနှစ်သက်သလဲ၊ သူနှစ်သက်တဲ့ တရားလေးကို အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်အခါခါ ပြောကြားပေးတာဟာလည်း အမြတ်ဆုံး ထောက်ပံ့ခြင်းပဲလို့ မြတ်စွာဘုရား သင်္ဂဟဗလသုတ္တန် ဒေသနာတော်မှာ ထပ်ပြီးတော့ ဟောကြားပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ နာကြားလိုရာ၊ မြတ်ဓမ္မာ၊**
**ဟောတာအမြတ်ဆုံးဖြစ်ပေသည်။**

နားထောင်တဲ့ပုဂ္ဂိုလ်၏ သူနှစ်သက်တဲ့ သူသဘောကျတဲ့ တရားလေးကို အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်အခါခါ ဟောကြားပေး ပြောပြပေးတာလည်း အဲဒါ ပေယျဝဇ္ဇ၊ ချိုချိုသာသာ ပြောပေးတာတို့တွင် အမြတ်ဆုံး ပေယျဝဇ္ဇဖြင့် ထောက်ပံ့ခြင်းဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားပါတယ်။ ပေယျဝဇ္ဇ=ချစ်ခင်ချိုသာသောစကားတို့ဖြင့် ထောက်ပံ့ချီးမြှင့်ပုံကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

www.dhammadownload.com



အတ္ထစရိယ = အကျိုးစီးပွားကို ကျင့်ပေးသော အားဖြင့် ထောက်ပံ့ခြင်းကို ဆက်လက်ပြီးတော့ ဟော ကြားပါတော့မယ်။

အတူတကွနေထိုင်ကြတဲ့ မိသားစုတွေ၊ ရပ်သာ အဖွဲ့တွေ၊ ရပ်ရွာသူ ရပ်ရွာသားတွေ တစ်ဦးကိုတစ်ဦး အကျိုးရှိအောင် ကျင့်ပေးရမယ်။ ဆောင်ရွက်ပေးရမယ်။ အဲဒီလို ကျင့်ပေး ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ချမ်းသာ ကြောင်းပဲ၊ တိုးတက်ကြောင်းပဲ။

ပြောင်းပြန်အားဖြင့် ဆင်ခြင်ကြည့်မှ ပိုထင်ရှား တယ်။ တစ်ဦးရဲ့အကျိုးကို တစ်ဦးက မလိုလားဘူး။ လောကအကျိုးလည်း မလိုလားဘူး၊ ဓမ္မအကျိုးလည်း မလိုလားဘူး၊ မထောက်ပံ့ဘူးဆိုလို့ရှိရင်တော့ ထိုပုဂ္ဂိုလ် တွေ ချမ်းသာမလား၊ ဆင်းရဲမလား ... ဆင်းရဲပါမယ် ဘုရား။ ဆင်းရဲသွားလိမ့်မယ်။ လှည်းနားစောင့်မပါတဲ့ လှည်းနဲ့ ခရီးသွားသလို ဖြစ်သွားလိမ့်မယ်၊ အရာရာမှာ ဆင်းရဲနေလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

www.dhammadownload.com



အတ္ထစရိယ = အကျိုးကိုကျင့်သောအားဖြင့် ထောက်ပံ့ပေးတယ်ဆိုတာ လောကီရေးရာဘက်က လည်း ပညာတွေတတ်မြောက်သွားအောင်၊ စီးပွားဥစ္စာ ရတနာတွေ တိုးတက်လာရအောင် ညွှန်ပြပေးရတယ်၊ ထောက်ပံ့ပေးရတယ်။ တရားနာပရိသတ်များ ကြုံတဲ့ အခါ သက်ဆိုင်ရာပုဂ္ဂိုလ်များကို မထောက်ပံ့ပေးရပါ ဘူးလား ... ထောက်ပံ့ပေးရပါတယ်ဘုရား။ ကျင့်ကြံပေး ရတယ်။ ပြောဆိုပေးရတယ်။

ဓမ္မရေးရာဘက်ကလည်း သဒ္ဓါတရား မရှိသေးလို့ ရှိရင် သဒ္ဓါတရားတွေ ရှိလာရအောင်၊ သီလတရားနဲ့ မပြည့်စုံသေးရင် သီလတရားတွေ ပြည့်စုံလာရအောင်၊ စာဂတရား=စွန့်ကြဲပေးကမ်း လှူဒါန်းမှုနဲ့ မပြည့်စုံသေး ရင် စွန့်ကြဲပေးကမ်း လှူဒါန်းမှုနဲ့ ပြည့်စုံလာရအောင်၊ ပညာတရား=အသိအလိမ္မာ ဉာဏ်ပညာနဲ့ မပြည့်စုံသေး တဲ့ ပုဂ္ဂိုလ်တွေကို အသိအလိမ္မာ ဉာဏ်ပညာနဲ့ ပြည့်စုံ အောင် မကျင့်ပေးရပါဘူးလား ... ကျင့်ပေးရပါတယ် ဘုရား။ ကျင့်ပေးရတယ်။ ထောက်ပံ့ပေးရတယ်။ ပါဠိ

www.dhammadownload.com



တော်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင်ပဲ ဟောကြား ပါတယ်။

အသဒ္ဓံ = သဒ္ဓါတရားမရှိသောသူကို၊ သဒ္ဓါသမ္ပဒါယ = သဒ္ဓါတရားနဲ့ပြည့်စုံစေခြင်းငှာ၊ သမာဒပေတိ = ဆောက်တည်စေ၏။ ပတိဋ္ဌာပေတိ = တည်စေ၏။ သဒ္ဓါတရားမရှိသေးတဲ့ပုဂ္ဂိုလ်ကို သဒ္ဓါတရားတွေ ဖြစ်လာရအောင်၊ သဒ္ဓါတရားမှာ တည်သွားရအောင် ကျင့်ပေးရမယ်။

ဒုဿီလံ = သီလမရှိသောပုဂ္ဂိုလ်ကို၊ သီလသမ္ပဒါယ = သီလနဲ့ပြည့်စုံစေခြင်းငှာ၊ သမာဒပေတိ = ဆောက်တည်စေ၏။ ပတိဋ္ဌာပေတိ = တည်စေ၏။ သီလနဲ့မပြည့်စုံတဲ့သူကို သီလနဲ့ ပြည့်စုံလာရအောင် ဟောပေး ပြောပေးရမယ်။ ကျင့်ပေးရမယ်။

မစ္ဆရိံ = ဝန်တိုခြင်းရှိသောပုဂ္ဂိုလ်ကို၊ စာဂသမ္ပဒါယ = စွန့်ကြဲခြင်းအလှူဒါနနဲ့ ပြည့်စုံစေခြင်းငှာ၊ သမာဒပေတိ = ဆောက်တည်စေ၏။ ပတိဋ္ဌာပေတိ =

www.dhammadownload.com



တည်စေ၏။ ဝန်တိုနမြောခြင်းရှိနေတဲ့ ပုဂ္ဂိုလ်ကို စာဂ=ဒါနနဲ့ ပြည့်စုံအောင်လည်း မကျင့်ပေးရပါဘူးလား ... ကျင့်ပေးရပါတယ်ဘုရား။ ဟောပေးရတယ်။ ပြောပေးရတယ်။

ဒုပ္ပည့် = ပညာမဲ့သောသူကို၊ ပညာသမ္ပဒါယ = ပညာနဲ့ပြည့်စုံစေခြင်း၌၊ သမာဒပေတိ = ဆောက်တည်စေ၏။ ပတိဋ္ဌာပေတိ = တည်စေ၏။ ပညာဉာဏ်နဲ့ မပြည့်စုံသေးတဲ့ပုဂ္ဂိုလ်များကိုလည်း ပညာဉာဏ်နဲ့ ပြည့်စုံအောင် မကျင့်ပေးရပါဘူးလား ... ကျင့်ပေးရပါတယ်ဘုရား။ အဲဒီလိုကျင့်ပေးတာ အမြတ်ဆုံး အကျိုးစီးပွားကို ကျင့်ခြင်းပါပဲ။

အကျိုး(၂)မျိုးဖြင့် ထောက်ပံ့ပုံမှာ - လောကီအကျိုးနဲ့ လောကုတ္တရာအကျိုး။ လောကအကျိုးနဲ့ ဓမ္မအကျိုး။ လောကရေးရာဘက်က စီးပွားရေး အတတ်ပညာတွေ တတ်မြောက်အောင်၊ တိုးတက်လာအောင် ကျင့်ပေးတာလည်း ဒါလည်း အတ္တစရိယ = အကျိုး

www.dhammadownload.com



စီးပွားကို ကျင့်ပေးခြင်းဖြင့် ထောက်ပံ့ခြင်းဖြစ်တယ်။ ဓမ္မရေးရာဘက်က သဒ္ဓါ သီလ စာဂ ပညာတွေ ပြည့်စုံလာရအောင် ကျင့်ပေးတာလည်း ထောက်ပံ့ခြင်း တစ်မျိုးပါပဲ။

အဲဒီထောက်ပံ့ခြင်း(၂)မျိုးထဲက ဓမ္မရေးရာဘက်က သဒ္ဓါ သီလ စာဂ ပညာတွေ ပြည့်စုံအောင် ထောက်ပံ့ပေးတာက အမြတ်ဆုံး ထောက်ပံ့ခြင်းဖြစ်တယ်။ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။

လောကရေးရာဘက်က ပြည့်စုံအောင် ကျင့်ပေးထောက်ပံ့ပေးတာ ဒီတစ်ဘဝအတွက်ပဲ။ ဓမ္မရေးရာဘက်က သဒ္ဓါ သီလ စာဂ ပညာတွေ ပြည့်စုံအောင် ကျင့်ပေး ထောက်ပံ့ပေးတာတော့ ဒီတစ်ဘဝအတွက်သာ မဟုတ်ဘူး။ နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် မိမိတို့က အထောက်အပံ့ကောင်းတွေ ပေးလိုက်ရတော့ မမြတ်ပါဘူးလား ... မြတ်ပါတယ်ဘုရား။ မြတ်ပါတယ်။

www.dhammadownload.com



ဆောင်ပုဒ်။ ။ သဒ္ဓါ သီလ၊ စာဂ ပညာ၊
ပြည့်စုံစေရာ၊ ကျင့်ပေးတာ၊
မှန်စွာအမြတ်ဆုံးဖြစ်ပေသည်။

အတ္တစရိယ = အကျိုးကိုကျင့်ပေးခြင်းဖြင့် ထောက်ပံ့ခြင်း၊ ထောက်ပံ့ပုံကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ အခု သမာနတ္တတာ = ကိုယ်နှင့်အတူထား၍ ကျင့်ခြင်းဖြင့် ထောက်ပံ့ချီးမြှင့်ခြင်းကို ဟောကြားပေးပါတော့မယ်။

သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ ဟုဆိုရာ၌ တရားနာပရိသတ်များ ယောဂီများ မိသားစုတွေ သွားတဲ့အခါမှာလည်း အတူတကွသွားလို့၊ လာတဲ့အခါမှာလည်း အတူတကွလာလို့၊ စားဖွယ်သောက်ဖွယ်တွေ မှီဝဲတဲ့အခါမှာလည်း အတူတကွ မှီဝဲလို့၊ ချမ်းသာအတူ ဆင်းရဲအတူ နေပေးတာလည်း ထောက်ပံ့ချီးမြှင့်ခြင်း တစ်မျိုးပါပဲ။

www.dhammadownload.com



ပြောင်းပြန်အားဖြင့် ဆင်ခြင်ကြည့်ရင်တော့ ပို ထင်ရှားတာပေါ့။ သွားအတူ၊ လာအတူ မနေနိုင်ဘူး။ ကိုယ်ကတော့ ချမ်းသာတဲ့ဘက်ကချည်းနေ၍ သူ့ကို တော့ ဆင်းရဲတဲ့ဘက်ကချည်းပဲ သွားထားရင်တော့ နေရာမှကျပါတော့မလား ... နေရာမကျတော့ပါဘုရား။ သူ့စိတ်ချမ်းသာပါတော့မလား ... စိတ်မချမ်းသာတော့ပါ ဘုရား။ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ... ဆင်းရဲကြောင်းပါဘုရား။ အဲ့-တရားနာပရိသတ်များ ဉာဏ်မှာ ထင်ရှားနေတာပဲ၊ သဘောတွေပေါက်နေတာ ပါပဲ။

သမာနတ္တတာ = ကိုယ်နှင့်အတူထားခြင်းဖြင့် ထောက်ပံ့ခြင်း၊ ချီးမြှင့်ခြင်းတို့တွင် အမြတ်ဆုံး ထောက် ပံ့ခြင်း၊ ချီးမြှင့်ခြင်းကိုလည်း မြတ်စွာဘုရား ဟောကြား တော်မူခဲ့ပါတယ်။

ပုထုဇဉ်ဘဝမှာ ကိုယ်နဲ့အတူ နေထိုင်ကြတဲ့ မိသားစုတွေ၊ ရိပ်သာအဖွဲ့သူ အဖွဲ့သားတွေ၊ ရပ်ရွာသူ

www.dhammadownload.com



ရပ်ရွာသားတွေ၊ ပုထုဇဉ်ဘဝနဲ့လည်း မထောက်ပံ့ပေးရပါဘူးလား ... ထောက်ပံ့ပေးရပါတယ်ဘုရား။ ကိုယ်နဲ့သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ၊ စားအတူ၊ နေအတူ ဒီလိုထောက်ပံ့ပေးတာ ထောက်ပံ့ချီးမြှင့်ခြင်းတရားတစ်ပါးနဲ့ ပြည့်စုံလို့ ချမ်းသာကြောင်းပါပဲ။

အဲဒီ ပုထုဇဉ်ဘဝမှာ ထောက်ပံ့ခြင်းဖြင့် ထောက်ပံ့တာထက်ကို သောတာပန်ဖြစ်သွားပြီးတဲ့အခါ သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်ကို သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ နေထိုင်ပေးခြင်းဖြင့် ထောက်ပံ့ခြင်းက ပိုမြတ်ပေတယ်။ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ ပုထုဇဉ်ဘဝနဲ့ ထောက်ပံ့ရတာထက်ကို သောတာပန်စတဲ့ အရိယာအဖြစ်ဖြင့် ထောက်ပံ့ရတာ ပိုပြီးတော့ မြတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

သောတာပန်ဖြစ်ပြီးတဲ့ပုဂ္ဂိုလ်က သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်နဲ့ အတူတကွသွားလို့၊ အတူတကွလာလို့၊

www.dhammadownload.com



အတူတကွစားလို့၊ ချမ်းသာအတူ ဆင်းရဲအတူနေရတာ ပိုပြီးတော့ မွန်မြတ်ပေတယ်။

သကာဒါဂါမ်လည်း ထိုနည်းလည်းကောင်း၊ အနာဂါမ်လည်း ထိုနည်းလည်းကောင်း။ ရဟန္တာဖြစ်ပြီးမှ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်နဲ့ သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ နေရတာတော့ ပိုမြတ်တယ်ဆိုတဲ့အကြောင်းကို မြတ်စွာဘုရား သင်္ဂဟဖလသုတ္တန်၌ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါလေးလည်း မှတ်သွားဖွယ်ကောင်းလို့ ဆောင်ပုဒ်ဆိုကြရမယ်။ သောတာပန်အတွက် ဆောင်ပုဒ် အရင်ဆိုရမယ်။

**ဆောင်ပုဒ်။ ။ သောတာပန္န၊ ဖြစ်ပြီးမှသာ၊**
**ကိုယ်နှင့်တူရာ၊ ထောက်ပံ့တာ၊**
**မှန်စွာအမြတ်ဆုံးဖြစ်ပေသည်။**

ကိုယ်ကလည်း သောတာပန်ဖြစ်သွားပြီ။ သောတာပန်ဖြစ်အောင် ကျင့်ပြီးပြီ။ မိမိနဲ့အတူတကွနေတဲ့

www.dhammadownload.com



ထိုပုဂ္ဂိုလ်ကလည်း သောတာပန်ပဲ။ သူ့ကို သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူဖြင့် ထောက်ပံ့ရတာ ပိုမြတ်ပါတယ်။ ပုထုဇဉ်ဘဝက ထောက်ပံ့တာထက်ကို ပိုပြီးတော့ မမြတ်ပါဘူးလား ... မြတ်ပါတယ်ဘုရား။ မြတ်ပေတယ်။ အမြတ်ဆုံး ထောက်ပံ့ချင်တယ်ဆိုလို့ရှိရင်တော့ ဒီ ဒေသနာတော်အရ မိမိကိုယ်တိုင် သောတာပန်ဖြစ် အောင် ကျင့်ရမယ်ဆိုတဲ့ အဓိပ္ပါယ်မကျပါဘူးလား ... အဓိပ္ပါယ်ကျပါတယ်ဘုရား။

အမြတ်ဆုံး ထောက်ပံ့ခြင်းနဲ့ ထောက်ပံ့ချင်တယ်၊ ဘယ်လိုများ ထောက်ပံ့ရမလဲ၊ မိမိကိုယ်တိုင် သောတာ ပန်ဖြစ်အောင် အရင်ကျင့်ပြီးတော့ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ထောက်ပံ့လို့ရှိရင် အမြတ်ဆုံး ထောက်ပံ့ခြင်း ပဲဆိုတဲ့ အဓိပ္ပါယ်ကို မြတ်စွာဘုရား သင်္ဂဟဝတ္ထုသုတ္တန် ၌ ဟောကြားတော်မူခဲ့ပါတယ်။

www.dhammadownload.com



သကဒါဂါမ်တို့ အနာဂါမ်တို့ ရဟန္တာတို့လည်း ဒီအတိုင်းပဲ၊ (၄)မျိုးလုံး မြတ်စွာဘုရား ဖွင့်ပြ ဟောကြား ခဲ့ပါတယ်။ ဆောင်ပုဒ်ပဲဆိုကြပါစို့။

**ဆောင်ပုဒ်။ ။** သကဒါဂါ၊ ဖြစ်ပြီးမှသာ၊
ကိုယ်နှင့်တူရာ၊ ထောက်ပံ့တာ၊
မှန်စွာအမြတ်ဆုံးဖြစ်ပေသည်။

အနာဂါမာ၊ ဖြစ်ပြီးမှသာ၊
ကိုယ်နှင့်တူရာ၊ ထောက်ပံ့တာ၊
မှန်စွာအမြတ်ဆုံးဖြစ်ပေသည်။

အရဟတ္တာ၊ ဖြစ်ပြီးမှသာ၊
ကိုယ်နှင့်တူရာ၊ ထောက်ပံ့တာ၊
မှန်စွာအမြတ်ဆုံးဖြစ်ပေသည်။

သကဒါဂါမ်ဖြစ်ပြီးမှ မိမိနဲ့တူတဲ့ သကဒါဂါမ်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူ ထောက်ပံ့ ပေးတာ အမြတ်ဆုံး ထောက်ပံ့ခြင်းဖြစ်တယ်။

www.dhammadownload.com



အနာဂါမ်ဖြစ်ပြီးမှ မိမိနဲ့တူတဲ့ အနာဂါမ်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူ ထောက်ပံ့ပေးတာ အမြတ်ဆုံး ထောက်ပံ့ပေးခြင်းဖြစ်တယ်။

မိမိက ရဟန္တာဖြစ်ပြီးမှ မိမိနဲ့တူတဲ့ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ကို သွားအတူ၊ လာအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူ နေထိုင်ပေးခြင်း ဟူသော ကိုယ်နှင့်အတူထားခြင်းဖြင့် ထောက်ပံ့တာ အမြတ်ဆုံး ထောက်ပံ့ခြင်းပဲလို့ မြတ်စွာဘုရား သင်္ဂဟဗလသုတ္တန်၌ ဟောကြားတော်မူခဲ့ပါတယ်။

အမြတ်ဆုံး ထောက်ပံ့ခြင်းဖြင့် ထောက်ပံ့ချင်ပါတယ်၊ မိမိနဲ့အတူတကွ နေထိုင်တဲ့ပုဂ္ဂိုလ်တွေကို ထောက်ပံ့ချင်ပါတယ်ဆိုလို့ရှိရင် ရှေးဦးစွာ မိမိကိုယ်တိုင် သောတာပန်ဖြစ်အောင်တော့ ကျင့်ရမယ်ဆိုတဲ့ အဓိပ္ပါယ် မရောက်နေပါဘူးလား ... ရောက်နေပါတယ်ဘုရား။

www.dhammadownload.com



တရားနာပရိသတ်များ သဘောတွေပေါက်နေပါတယ်။ သောတာပန်ဖြစ်အောင် ဘယ်တရားများ ကျင့်ရပါမလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား ကျင့်ရပါမယ်ဘုရား။ ဒါနလောက်နဲ့လည်း သောတာပန် ဖြစ်နိုင်ပါသလား ... မဖြစ်နိုင်ပါဘုရား။ သီလလောက်နဲ့လည်း သောတာပန် ဖြစ်နိုင်ပါသလား ... မဖြစ်နိုင်ပါဘုရား။ သမထလောက်နဲ့လည်း သောတာပန် ဖြစ်နိုင်ပါသလား ... မဖြစ်နိုင်ပါဘုရား။ သောတာပန်ဖြစ်ချင်ရင်တော့ သတိပဋ္ဌာန်တရား(၄)ပါးဖြင့် ဝိပဿနာတရား ပွားကို ပွားများအားထုတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ယဒိဒံ ယေကေ္ကမေ စတ္တာရော သတိပဋ္ဌာနာ = အကြင်ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါးတို့သည်၊ သန္တိ = ရှိကြကုန်၏။

www.dhammadownload.com



အယံ = ဤကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါး အကျင့်လမ်းစဉ်သည်၊ ဉာယဿ = အပါယ်တံခါးကို ပိတ်စေနိုင်သော အရိယာမဂ်ကို၊ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို၊ အဓိဂမာယ = ရခြင်းငှာ၊ ဧကာယနောမဂ္ဂေါ = နှစ်ကြောင်းမကွဲ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ပေတည်း။

နိဗ္ဗာနဿ = ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို၊ သစ္ဆိကိရိယာယ = မျက်မှောက်ပြုခြင်းငှာ၊ ဧကာယနောမဂ္ဂေါ = နှစ်ကြောင်းမကွဲ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ်ပေတည်း။ ဣတိ= ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



သောတာပန်အဖြစ် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ တကယ်ရောက်ချင်ရင်တော့ တရားနာပရိသတ်များ အခုကျင့်ကြံအားထုတ်နေတဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား(၄)ပါးကို ပွားများအားထုတ်ပါ။ တစ်နေ့သောအခါ မုချ မိမိတို့အလိုရှိအပ်တဲ့ သောတာပန်အဖြစ်သို့ ရောက်ရှိသွားပါလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

## ဆောင်ပုဒ်။ ။ အရိယာမဂ်တွေ၊ ရလိုပေ၊ ကျင့်လေသတိပဋ္ဌာန်။

အရိယာမဂ်တွေဆိုတာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်လို့ဆိုတဲ့ အရိယာမဂ်တွေ တကယ်လိုချင်ပြီဆိုလို့ရှိရင် သတိပဋ္ဌာန်တရား(၄)ပါးဖြင့် ဝိပဿနာတရားပဲ အားထုတ်ပါလို့ ဘယ်သူမိန့်ကြားသွားပါလဲ ... မြတ်စွာဘုရားမိန့်ကြားသွားပါတယ်ဘုရား။ သောတာပတ္တိမဂ်သို့ ရောက်သွားပြီးတာနဲ့ သောတာပတ္တိဖိုလ် ချက်ချင်းပဲ ရောက်သွားတာပါပဲ။

www.dhammadownload.com



သောတာပန်ချက်ချင်း မဖြစ်သွားပါဘူးလား ... ဖြစ်သွားပါတယ်ဘုရား။

သကဒါဂါမိမဂ်သို့ ရောက်သွားတာနဲ့ သကဒါဂါမိပုဂ္ဂိုလ် ချက်ချင်းဖြစ်၊ အနာဂါမိမဂ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်လို အနာဂါမ်ပုဂ္ဂိုလ် ချက်ချင်းဖြစ်၊ အရဟတ္တမဂ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်လို အရဟတ္တဖလ = ရဟန္တာပုဂ္ဂိုလ် ချက်ချင်းဖြစ်၊ မဂ်နဲ့ဖိုလ်ကြားထဲမှာ အကြားရှိပါသလား ... အကြားမရှိပါဘုရား။ မရှိပေဘူး။

တရားနာပရိသတ်များ သဘောတွေပေါက်နေပါတယ်။ သဘောပေါက်လို့လည်း ကိုယ်အားဉာဏ်အားစွမ်းအားရှိသလောက် အားမထုတ်ကြရပါဘူးလား ... အားထုတ်ကြရပါတယ်ဘုရား။ အမြတ်ဆုံး ထောက်ပံ့ခြင်းဖြင့် ထောက်ပံ့နိုင်ရအောင် အားထုတ်နေကြရတယ်။ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်းပါတယ်။

ဒီထောက်ပံ့ချီးမြှင့်ခြင်းတရားတွေကို မြတ်စွာဘုရားကတော့ အလောင်းတော်ဖြစ်စဉ်ကတည်းက

www.dhammadownload.com



ဖြည့်ကျင့်ခဲ့ပါတယ်။ မြတ်စွာဘုရားအလောင်းတော် ကျေးသားကြက်တူရွေးမင်း ဖြစ်စဉ်အခါတုန်းက ကျင့်ခဲ့တဲ့ ကျင့်စဉ်လေး ပြောပြီးတော့ တရားအဆုံးသတ်ကြပါစို့။

တစ်ချိန်သောအခါ ရာဇဂြိုဟ်ပြည်အနီး သာလိန္ဒိယ ပုဏ္ဏားရွာကြီးရှိတယ်။ အဲဒီပုဏ္ဏားရွာကြီးမှာ ကောသိယဂေါတ္တလို့ခေါ်တဲ့ ပုဏ္ဏားကြီး လယ်ပယ်တစ်ထောင်ပိုင်တဲ့ ပုဏ္ဏားကြီးရှိတယ်။ လယ်ပယ်တစ်ထောင်လုံး မသိမ်းနိုင်တော့ လယ်ပယ်ငါးရာကို သီးစားချ၊ ငါးရာကိုသူသိမ်းတယ်။ သီးစားချထားလိုက်တော့ သီးစားယူထားသည့် ယောက်ျား၏လယ်ထဲတွင် စပါးနှံများ မှည့်လာသောအခါ ကြက်တူရွေးတွေ များစွာ လယ်ကွက်ထဲသို့ သွားပြီးတော့ စပါးနှံတွေ စားကြတယ်။

အဲဒီထဲမှာ ကျေးသားတစ်ကောင်ကတော့ လယ်ကွက်ထဲမှာ စားရုံတင်မဟုတ်ဘူး။ စပါးနှံတွေပါ ချီချီသွားတယ်။ စပါးနှံတွေချီသွားတဲ့ ကျေးသားကတော့ ဘုရားလောင်း ကျေးမင်းပဲဖြစ်တယ်။ လယ်စောင့်ယောက်ျား

www.dhammadownload.com



မောင်းလို့မနိုင်တော့ပေဘူး။ ဒီလယ်ကွက်က မောင်းလိုက်ရင် ဟိုဘက်လယ်ကွက်ထဲ သွားကျကြတယ်။ ဟိုဘက်လယ်ကွက်က မောင်းလိုက်ရင် ဒီဘက်လယ်ကွက်မှာ ပြန်ကျကြတယ်။ ကျေးသားတွေများ၍ သူဆုံးရှုံးတော့မယ်လို့သိတော့ လယ်ရှင်ပုဏ္ဏားကြီးထံ သွားပြီး အကြောင်းကြားတယ်။

"လယ်ရှင်ပုဏ္ဏားကြီး ... အကျွန်ုပ်တော့ မစွမ်းနိုင်တော့ဘူး၊ ကျေးသားတွေက အလွန်များပါတယ်။ ဟိုကခြောက် ဒီမှာကျ၊ ဒီကခြောက် ဟိုလယ်ကွက်တွေမှာ သွားကျကြပြီး စားနေကြတယ်။ ကျေးသားတစ်ကောင်ကတော့ စားရုံတင်မဟုတ်ဘူး၊ စပါးနှံတွေပါ ချီချီသွားတယ်"

"အို-ဒီလိုလား၊ ဒီလိုဆိုလို့ရှိရင်တော့ အဲဒီစပါးနှံတွေပါချီသွားတဲ့ ကြက်တူရွေးကျေးသားကို မိအောင်ဖမ်းပေးပါ။ ဖမ်းပြီးတော့ အကျွန်ုပ်ထံ ယူခဲ့ပါ"လို့ ပြောလိုက်တော့ လယ်စောင့်ယောက်ျား ကျော့ကွင်းထောင်ပြီးတော့ ဖမ်းတယ်။ ဘုရားလောင်းကိုပဲ မိတယ်။

www.dhammadownload.com



ဘုရားလောင်းကျေးသားက ဘုရားလောင်းဆိုတော့ လျှပ်ပေါ်လော်လီခြင်း မရှိဘူး။ ဒီနေ့ ဒီနေရာမှာကျရင် နောက်နေ့လည်း ဒီနေရာမှာပဲ သက်ဆင်းတော့ လယ်စောင့်ယောက်ျား ဖမ်းရတာ မလွယ်ပါဘူးလား ... လွယ်ပါတယ်ဘုရား။ ကျော့ကွင်းထောင်ဖမ်းလိုက်တော့ မိသွားတယ်။

မိသွားတဲ့အခါ လယ်ရှင်ပုဏ္ဏားကြီးထံ ယူသွားတယ်။ အကောင်ကလည်း သိပ်ထွားတယ်။ အမွေးတွေ အတောင်တွေကလည်း သိပ်စည်ပင်တယ်။ ဒေါင်းငယ်လေးလောက် ရှိနေတယ်။ လယ်ရှင်ပုဏ္ဏားကြီး မြင်သောအခါ သားအရင်းလို ချစ်ခင်သွားပြီးလျှင် ရင်ခွင်မှာ ပိုက်ပြီးမေးတယ်။

"အသင်ကျေးသားကြက်တူရွေး ... အခြားသော ကြက်တူရွေးတွေကတော့ လယ်ကွက်ထဲမှာပဲ စားပြီး ပြန်သွားကြတယ်။ သင်ကတော့ စပါးနှံတွေ ချီချီသွားတာ သင့်မှာ ဝမ်းဗိုက်ကြီးက ပိုကြီးနေလို့လား။ သို့မဟုတ် သင့်မှာ သိုလှောင်စရာ စပါးကျီ ရှိနေလို့လား။ သို့မဟုတ်

www.dhammadownload.com



အကျွန်ုပ်နဲ့သင်နဲ့ ရန်ဘက်ဖြစ်နေလို့လား”လို့ ဘယ်နှခွန်း မေးလိုက်ပါလဲ … သုံးခွန်းမေးလိုက်ပါတယ်ဘုရား။

သင့်ဝမ်းဗိုက်ကြီးက ပိုကြီးနေလို့လား၊ သင့်မှာ စပါးကျီ ရှိနေလို့လား၊ အကျွန်ုပ်နဲ့သင်နဲ့ ရန်ဘက်ဖြစ်နေလို့လားလို့ မေးလိုက်တော့ အဲဒါတွေ တစ်ခုမှ မဟုတ်ပါဘူးတဲ့။ အကျွန်ုပ်မှာ ဝမ်းဗိုက်ကလည်း ပိုမကြီးပါဘူး၊ သိုလှောင်စရာ စပါးကျီလည်း မရှိပါဘူး၊ သင်နဲ့ အကျွန်ုပ်နဲ့ ရန်ဘက်ဖြစ်တာလည်း မဟုတ်ပါဘူးလို့ ဖြေကြားတယ်။

“အကျွန်ုပ် စပါးနှံတွေ ချီသွားရခြင်းအကြောင်းရင်းကတော့ (၃)မျိုးပါပဲ။ ကြွေးဟောင်းလည်း ဆပ်နေရပါတယ်၊ ကြွေးသစ်လည်း ချနေရပါတယ်၊ ရွှေအိုးလည်း မြှုပ်နှံနေရပါတယ်။ ဒါကြောင့် စပါးနှံတွေချီရတာပါ” ဘယ်နှမျိုးလဲ … (၃)မျိုးပါဘုရား။ ကြွေးဟောင်းလည်း ဆပ်နေရပါတယ်။ ကြွေးသစ်လည်း … ချနေရပါတယ် ဘုရား။ ရွှေအိုးလည်း မြှုပ်နေရပါတယ်လို့ပြောတော့ ပုဏ္ဏားကြီးက ပြန်ပြောတယ်။ “သင်ပြောတဲ့ စကားတွေ

www.dhammadownload.com



ကိုလည်း အကျွန်ုပ် တစ်ခုမှ နားမလည်ဘူး။ ရှင်းပြပါဦး။"

"ကြွေးဟောင်းဆပ်တယ်ဆိုတာကတော့ အခြားမဟုတ်ပါဘူး၊ မိဘတွေကို စပါးနှံတွေ ချီပြီးတော့ ကျွေးရတာဖြစ်တယ်။ အဲဒါကတော့ ကြွေးဟောင်းဆပ်တာပါပဲ။"

"ကြွေးသစ်ချတယ်ဆိုတာကတော့ အကျွန်ုပ်မှာ သားငယ် သမီးငယ်တွေ ရှိပါတယ်။ မပျံနိုင်သေးတဲ့အတွက်ကြောင့် သူတို့ကို စပါးနှံတွေ ချီပြီးတော့ ကျွေးရပါတယ်။ အဲဒါကတော့ ကြွေးသစ်ချတာဖြစ်တယ်။"

"ရွှေအိုးမြှုပ်တယ်ဆိုတာကတော့ အနီးအနားမှာ မသွားနိုင်မလာနိုင်တဲ့ ကျေးအိုကျေးနာတွေ၊ ဒုက္ခသည်တွေကိုလည်း စပါးနှံတွေ ချီပြီးတော့ ကျွေးရပါတယ်။ အဲဒါကတော့ ရွှေအိုးမြှုပ်တာဖြစ်တယ်။"

www.dhammadownload.com



ဘုရားလောင်းဆိုတော့ မပြောတတ်ပါဘူးလား ... ပြောတတ်ပါတယ်ဘုရား။ မိဘတွေကို စပါးနဲ့တွေ ချိုပြီးတော့ ကျွေးတာက ဘာလုပ်တာပါလဲ ... ကြွေးဟောင်း ဆပ်တာပါဘုရား။ ကြွေးဟောင်းဆပ်တာဖြစ်တယ်။ သားငယ် သမီးငယ်တွေကို စပါးနဲ့တွေချိုပြီး ကျွေးတာကတော့ ... ကြွေးသစ်ချတာပါဘုရား။ အနီးအနားမှာ ရှိတဲ့ ဒုက္ခသည်တွေ၊ ကျေးအိုကျေးနာတွေ၊ မသွားနိုင် မပျံနိုင်တဲ့ ကျေးသားကြက်တူရွေးတွေကို စပါးနဲ့တွေ ချိုပြီးကျွေးရတာကတော့ ... ရွှေအိုးမြှုပ်တာပါဘုရား။

ရွှေအိုးမြှုပ်နဲ့တာပါပဲလို့ ပြောတော့ လယ်ရှင် ပုဏ္ဏားကြီးက သိပ်သဘောကျပြီး ကြည်ညိုသွားသဖြင့် "လယ်ပယ်(၁၀၀၀)လုံးပဲ သင့်ကိုလှူပါတယ်။ သင့် အပေါင်းအဖော်တွေနဲ့ စားချင်သလိုစားပါ" လို့ ပြောတယ်။ ဘုရားလောင်းဆိုတော့ အတိုင်းအရှည်ပမာဏကို သိ သဖြင့် လယ်ပယ်(၁၀၀၀)လုံး မယူပါဘဲ လယ်(၈)ပယ် ကို အလှူခံလိုက်တယ်။ ဘုရားလောင်းများကျတော့ ကျေးသားကြက်တူရွေးဘဝမှာပင် ထောက်ပံ့ချီးမြှင့်ခြင်း

www.dhammadownload.com



တရားတွေကို မသိနေပါဘူးလား ... သိနေပါတယ်ဘုရား။ သိနေတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ ကြွေးဟောင်းဆပ်ပေ၊ ကြွေးသစ်ဝေ၊ မြှုပ်လေမြတ်ရွှေအိုး။**

စပါးနှံတွေ ချိုးချိုးပြီးတော့ မိဘိုဖအိုတွေကို ကျွေးတာက ဘာပါလဲ ... ကြွေးဟောင်းဆပ်တာပါဘုရား။ စပါးနှံတွေ ချိုးချိုးပြီးတော့ သားငယ် သမီးငယ်တွေကို ကျွေးတာက ... ကြွေးသစ်ချတာပါဘုရား။ စပါးနှံတွေ ချိုးပြီးတော့ ဒုက္ခိတကျေးတွေကို ကျွေးတာက ... ရွှေအိုး မြှုပ်တာပါဘုရား။ အို-ဘုရားလောင်းဆိုတော့ ကျေးသား ဘဝမှာထဲက ကျေးဇူးတွေ မသိတတ်ပါဘူးလား ... သိတတ်ပါတယ်ဘုရား။ ထောက်ပံ့ချီးမြှင့်ခြင်းတရားနဲ့ ပြည့်စုံနေတယ်။

**ဆောင်ပုဒ်။ ။ အလောင်းတော်ကျေးမင်း၊**
**ထောက်ပံ့ခြင်း၊ မယွင်းတူစွာ၊**
**ပြုအပ်ပါ။**

(ဇာတက၊ဋ္ဌ-၄၊၂၇၉)

www.dhammadownload.com



အသင့်အတင့်တော့ ပြည့်စုံသွားပါပြီ။ အရင်းခံ ဆောင်ပုဒ်ကြီး ပြန်ဆိုပြီးတော့ တရားအဆုံးသတ်ကြပါစို့။

ဆောင်ပုဒ်။ ။ ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား၊
ဤလေးပါး၊ ပြုငြားရှိုးမြှောက်မည်။

ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား၊
ဤလေးပါး၊ ပြုငြားထောက်ပံ့မည်။

ဤကဲ့သို့ ယနေ့ယခုအခါ၌ သင်္ဂဟသုတ္တန်ဒေသနာတော်လာ ထောက်ပံ့ခြင်းလေးဖြာ သိကောင်းစရာ တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ

www.dhammadownload.com



ကို လွယ်ကူသောအကျင့်ဖြင့် လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏
အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်